ယောစုကျေးရွာ

ယောစုကျေးရွာအုပ်စု၊ ကလေးဝမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း(၂၀၂၄-၂၀၂၅)

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ယောစုကျေးရွာ

(ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာ လ ၊ ၂၀၂၄

မာတိကာ

မာတိကာ

စကားချီး

ယောစုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

ယောစုကျေးရွာ Venn Diagrams

ယောစုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

ယောစုကျေးရွာကော်မတီစာရင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း

အပိုင်း(က)– ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

၇။ ပညာရေး

၈။ ကျန်းမာရေး

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၀။ ကျား – မ ရေးရာ

၁၁။ **နှစ်အလိုက်** ဦးစားပေးဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ

ဇယားနောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု (၄၈) ဇယားများ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ယောစုကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊

အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ လ၊ ၂၀၂၄ခုနှစ်


ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ယောစုကျေးရွာ၊ ကလေးဝမြို့နယ်

ကျေးရွာသယ်ဇာတပြမြေပုံ (ယောစုကျေးရွာ ၊ ကလေးဝမြို့နယ်)



Scanned with CamScanner

ယောစုကျေးရွာ Venn Diagram



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အလွန်အေး	အလွန်အေး	နေပူပြင်း	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အအေးနည်း	အလွန်အေး	အလွန်အေး
အလုပ်အကိုင်	များ	များ	များ	များ	များ	သင့်	သင့်	နည်း	များ	သင့်	များ	များ
လက်လုပ်လက်စား မိသားစုများ ဝင်ငွေ ရရှိမှု၊ မရှိ၊ နည်း၊ များ	များ	များ	သင့်	သင့်	သင့်	များ	များ	နည်း	နည်း	နည်း	များ	များ
အသုံးစရိတ်	သင့်	သင့်	သင့်	သင့်	သင့်	များ	များ	သင့်	သင့်	သင့်	များ	များ
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ဝမ်းစာ ဖူလုံမှု	များ	များ	များ	များ	များ	သင့်	သင့်	သင့်	သင့်	များ	များ	များ
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရိစ္ဆာန်အစာ ရရှိမှု	များ	များ	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ	များ
တိရိစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	နည်း	နည်း	မရှိ	မရှိ	ရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ပွဲတော်	မရှိ	မရှိ	မရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ
သဘာဝဘေး အန္တရာယ်	-	-	-	-	-	-	-	-	-	-	-	-

ကလေးဝမြို့နယ်၊ ယောစုကျေးရွာအုပ်စု၊ ယောစုကျေးရွာ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးကျော်တင်	ဦးပန်	၅/ကလဝ(နိုင်) ဝဝ၉၉၁၄	၁၃.၃.၁၃၂၂	ဥက္ကဋ္ဌ	ဝ၉- ၉၆၄ဝဝ၆၂၃၇
၂။	ဦးစန်းထွန်း	ဦးကျော်သန်း	၅/ကလဝ(နိုင်)ဝဝ၉၈၇၂	၁၅.၁၂.၁၃၃၁	ဘဏ္ဍာရေးမှူး	
၃။	ဒေါ်ကြည်ကြည်မာ	ဦးတင်အောင်	၅/ကလဝ(နိုင်)ဝ၃ဝ၅ဝဝ	၇.၁၂.၁၃၃၉	စာရင်းကိုင်	ဝ၉- ၉၆၅၆၃၇၉၉၈
၄။	ဦးဝင်းကို	ဦးသန်း	၅/ကလဝ(နိုင်)ဝ၃ဝ၅၂၇	၉.၉.၁၃၃၉	အတွင်းရေးမှူး	ဝ၉- ၉၈ဝ၅၇၇၅၅၈
၅။	ဦးဖေပြန်	ဦးမြင့်	၅/ကလဝ(နိုင်)ဝ၃ဝ၅၃၁	၅.၃.၁၃၄ဝ	အဖွဲ့ဝင်	ဝ၉- ၉၅၂၄၂၃၁ဝ၉
၆။	ဦးညီညီ	ဦးသာဝ	၅/ကလဝ(နိုင်)ဝ၃၉၅၆၃	၈.၈.၁၃၄၆	အဖွဲ့ဝင်	ဝ၉- ၇၆၁၆၂၈၆၉၃
၇။	ဒေါ်ဖြူဖြူဝင်း	ဦးပန်ဦး	၅/ကလဝ(နိုင်)ဝ၃၁၃၄၂	၁.၁ဝ.၁၃၄ဝ	အဖွဲ့ဝင်	ဝ၉- ၉၆၆၆၈၈၇၁၃

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်း၊ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကျေးရွာမှအလှူရှင်အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

များကို သက်ဆိုင်ရာဌာနဆိုင်ရာ မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

ကျေးရွာလူထုကိုယ်တိုင် ဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ကျေးရွာလူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို ကျေးရွာလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

ယောစုကျေးရွာ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

အိမ်ထောင်စုပေါင်း(၁၃၄)စုနှင့် ကျား(၃၄၃)ဦး၊ မ(၃၃၁)ဦးဖြင့် လူဦးရေ စုစုပေါင်း (၆၇၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း (၅)ဦးနှင့် ကိုက်ညီပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ (၇၄%)ရှိပါသည်။

ကျေးရွာသည် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းတွင်တည်ရှိ၍ ကလေးဝမြို့နှင့် (၉)မိုင်ခန့် ကွာဝေးသောကြောင့် သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် ဒေသ၏ ပျမ်းမျှအပူချိန်(၃၂˚)ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ် အရောင်းအဝယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကိုင်းကျွန်းမြေများ၊ အနောက်ဘက်တွင် တောတောင်များနှင့် မော်လိုက်ကားလမ်း၊ တောင်ဘက်တွင် လယ်ကွင်းများနှင့် မဟာဗောဓိဘုန်းကြီးကျောင်း၊ မြောက်ဘက်တွင် နန်းတဟင်ချောင်းနှင့် နောင်ပွတ်ကျေးရွာများ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် လယ်ယာမြေ စိုက်ပျိုးဧက(၃၄၉)ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေများသည် စိုက်ပျိုးရေးလုပ်ငန်း ပြုလုပ်ရန်အတွက် အဓိကအားထားရာ ဖြစ်ပါသည်။ ကျေးရွာ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေရရှိရန် မိုးရေကိုသာ အဓိကထားသုံးကြပြီး မြစ်ရေ၊ ချောင်းရေ အသုံးပြုရန် ခက်ခဲပါသည်။ မြစ်ရေကြီးသည့် အချိန်များတွင် လယ်ယာမြေထဲသို့ မြစ်ရေများဝင်ရောက်ပြီး သီးနှံပင်များပျက်စီးမှုကိုလည်း တစ်ခါတစ်ရံ တွေ့ကြုံရပါသည်။ ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

မထွက်ရှိပါ။ ကျေးရွာတွင် အသုံးပြုကြသော နွယ်ငန်းမြစ်၊ ဆင်တုံးမနွယ်နှင့် ဝံအူစသော ဆေးဖက်ဝင် အပင်မျိုးစိတ်များ အနည်းငယ်ရရှိနိုင်ပြီး ကြားကာလများတွင် သဘာဝန္တရာယ်များ ရရှိနိုင်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် သာရေး ၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရန် မာဃလုလင်ပရဟိတအဖွဲ့၊အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ၊ ရေပေးဝေရေးကော်မတီနှင့် လုံခြုံရေးနှင့်ကာကွယ်ရေး အဖွဲ့အစည်းဖြစ်သော မီးသတ်အဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပါသည်။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ဌာနဆိုင်ရာများမှ ဖွဲ့စည်းပေးထားသော အခြားအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများလည်း ကောင်းမွန်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် အလယ်အလတ်စား တောင်သူ (၆၂)ဦးရှိကာ မြေယာမဲ့အိမ်ထောင်စုများသည် အရောင်းအဝယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေပဲ၊ နေကြာနှင့် မိုးစပါးတို့ကိုလည်း အဓိကသီးနှံများအဖြစ် စိုက်ပျိုးကြပြီး အကျိုးအမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ကွဲ၊ နွား၊ ကြက်၊ ဝက် တို့ကိုသာ တပိုင်တနိုင်မွေးမြူကြပြီး ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ(၁)ဦး၊ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ(၆)ဦး၊ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ(၆)ဦး ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများဖြစ်သည့် အသေးစားဆီစက်လုပ်ငန်းလုပ်ကိုင်သူ(၁)ဦး၊ ဆိုင်ကယ်ပြင်ဆိုင်(၃)ဦး၊ အပ်ချုပ်ဆိုင်(၆)ဦး၊ စားသောက်ဆိုင်လုပ်ငန်း(၃)ဦး၊ ပညာရေးဝန်ထမ်း(၄)ဦးရှိပြီး ဝင်ငွေအခြေအနေရပ်တည်နိုင်မှု အလယ်အလတ်ရှိပါသည်။

ကျပန်းလုပ်ငန်းလုပ်သူများ၏ ဝင်ငွေအခြေအနေသည်လည်း အသင့်အတင့်ရှိပါသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်သော အမျိုးသားများသည် နေ့စားအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ကြပြီး ဝင်ငွေအခြေအနေမှာ နေ့စားခ (၁၀၀၀၀/-) ခန့် ရရှိနိုင်ပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးများသည် နေကြာခုတ်၊ မြေပဲနုတ်နှင့် စပါးရိတ်အငှားလိုက်ကြပြီး ဝင်ငွေ (၈၀၀၀/-)ခန့် ရရှိနိုင်ပါသည်။ အချို့မှာ ရွှေမှော်၊ ရေနံတွင်း များသို့ လခစားအဖြစ် သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများသည် (၁၅)သိန်းကျပ်မှ (၂၀)သိန်းကျပ်အထိ ရရှိကြပါသည်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၄)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၀)စု၊ မပြေလည်သော အိမ်ထောင်စု (၈၀)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၂၀)စု ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာမှ (၉)မိုင်ခန့်ဝေးသော ကလေးဝမြို့သို့ ဆိုင်ကယ်၊ သုံးဘီး၊ ကားတို့ဖြင့် မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ပရိဘောဂပစ္စည်းနှင့် အဝတ်အထည်ပစ္စည်းများ သွားရောက်ဝယ်ယူကြရပြီး ဝန်ဆောင်မှု အသင့်အတင့်ရှိပါသည်။ မြစ်ကြောင်းအသုံးပြုမှု မရှိပါ။ ကျေးရွာ၏ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်း၊ ဂျင်းလမ်းများဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သော်လည်း မိုးရာသီတွင်သွားလာရန် အနည်းငယ်ခက်ခဲပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် မဟာဓာတ်အားလိုင်းလျှပ်စစ်မီးကိုသာ အဓိကထား၍ အသုံးပြုကြပြီး ဆိုလာနှင့် ဒီဇယ်သုံးအင်ဂျင်ကိုလည်း သုံးစွဲကြပါသည်။ ကျေးရွာအနီးတွင် တယ်လီဖုန်းတာဝါတိုင် ရှိသော်လည်း ယခုအခါတွင် ဖုန်းလိုင်းနှင့်အင်တာနက် ချိတ်ဆက်အသုံးပြုမှု ဆက်သွယ်ရေးအခြေအနေမှာ ကောင်းမွန်မှု မရှိပါ။

၆၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ကောလျှင် (၁၅၀၀၀၀)ကျပ်နှုန်း

ဖြင့် ထုတ်ချေးပေးပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ဆောင်ရွက်ပေးသော မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေလည်း ရှိပါသည်။

၇။ ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပြီး စာမတတ်သူမရှိပါ။ ကျေးရွာ၏ စာသင်ကျောင်းသည် ရွာအလယ်တွင်ရှိပြီး (၂)ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ စာသင်ကျောင်းဆောင်သည် သွပ်မိုး၊ အင်္ဂတေခင်း၊ အုတ်နံရံကာ ဖြစ်ပြီး အလျား(၁၈၀)ပေ၊ အနံ (၃၀)ပေ၊ အမြင့် (၆၀)ပေ ဖြစ်ပြီး ကျောင်း၏ ဥပဓိမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စာသင်ကျောင်းတွင် သန့်ရှင်းသော ရေလောင်းအိမ်သာ(၃)လုံးရှိပါသည်။ ကျောင်းတွင် ပညာသင်ကြားပေးနေသော ဆရာမ(၉)ဦးနှင့် အရပ်ပေးဆရာမ(၁၀)ဦး၊ စုစုပေါင်း ပညာသင်ကြားပေးသော ဆရာမ(၁၉)ဦး ရှိပါသည်။ ယောစု ကျေးရွာစာသင်ကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသား/ ကျောင်းသူ (၁၄၃)ဦးရှိပြီး အနီးအနားကျေးရွာများမှလဲ တက်ရောက်ပညာသင်ယူကြပါသည်။ စာသင်ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများရှိပြီး ကျောင်းသားမိဘများသည် ပညာရေးကို ဦးစားပေးကြပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသော်လည်း ကျန်းမာရေးဝန်ထမ်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လာပါက (၉)မိုင်ခန့်ဝေးသော ကလေးဝမြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။ ကျေးရွာတွင် နေထိုင်သောသူ အများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရာသီကူးပြောင်းချိန်၌ တုပ်ကွေးရောဂါ ဖြစ်ပွားလေ့ရှိပြီး သွေးတိုးရောဂါ၊ ၄က်ဖျားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါများလည်း အနည်းငယ်ဖြစ်လေ့ရှိပြီး အခြားကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနိမ့်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများကာကွယ်ဆေးနှင့် မေးခိုင်ရောဂါကာကွယ်ဆေးများအား ကလေးဝမြို့ဆေးရုံကြီးသို့ လာရောက်ထိုးနှံကြရပါသည်။ ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားခြင်းများ

လည်း ရံဖန်ရံခါ တွေ့ရတတ်ပါသည်။ ကျေးရွာတွင် သောက်ရေ၊ သုံးရေအတွက် စိမ့်စမ်းရေအား ရေပိုက်လိုင်းသွယ်တန်း၍ အသုံးပြုကြပြီး နွေရာသီတွင် အဝီစိတွင်း(တုံကင်)၊ စက်ရေတွင်းများမှ အလွယ်တကူရရှိနိုင်၍ သောက်သုံးရေအတွက် လုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် အိမ်သာမရှိသော အိမ်ထောင်စုများမရှိဘဲ ရေလောင်းအိမ်သာနှင့် သန့်ရှင်းသောယင်လုံအိမ်သာများ အသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မိုးနည်းလျှင် စိုက်ပျိုးရေ မလုံလောက်မှုများ ကြုံတွေ့ရတတ်ပါသည်။ မိုးရာသီတွင် လယ်ကွင်းပြင်သို့ တစ်ခါတစ်ရံ မြစ်ရေ၊ ချောင်းရေများ ဝင်ရောက်လာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပါသည်။ မိုးဦးပိုင်းနှင့် မိုးနှောင်းပိုင်းများတွင် လေပြင်းတိုက်ခတ်မှုများ ရံဖန်ရံခါရှိသော်လည်း လူနေအိမ်များ ပျက်စီးမှုမရှိပါ။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာမှု ရှိစေရေး စွန့်ပစ်အမှိုက်များကို အမှိုက်စွန့်ပစ်မြေနေရာ ဖြစ်သော ရွာဘေးတွင်ပစ်၍ မီးရှို့ခြင်း ဆောင်ရွက်ကြပါသည်။

၁၀။ ကျား – မ ရေးရာ

ကျေးရွာတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်ပိုများပြီး အမျိုးသမီးများ၏ ဝင်ငွေရအလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိပါ။ ကျေးရွာတွင်း လူကုန်ကူးခံရခြင်းမျိုးလည်း မကြုံတွေ့ရပါ။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး၊ နာရေးလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျေးရွာတွင် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးများမှာလည်း ကျား/မ တန်းတူပင်ဖြစ်ပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကျေးရွာ၏လုပ်အားပေးလုပ်ငန်းများတွင်လည်း အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

နှစ်အလိုက်ဦးစားပေးဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ
ယောစုကျေးရွာအုပ်စု၊ ယောစုကျေးရွာ၊ ကလေးဝမြို့နယ်

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၁	၁	-	-	-	-
၂	သစ်သားတံတားပြုပြင်ခြင်း	၂	-	၂	-	-	-
၃	ဆရာ/ဆရာမနေအိမ် တည်ဆောက်ခြင်း	၃	-	-	၃	-	-
၄	ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း	၄	-	-	-	၄	-
၅	ရေဘေးရှောင် အဆောက်အဦ တည်ဆောက်ခြင်း	၅	-	-	-	-	၅

ယောစုကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၁	ကား/ဆိုင်ကယ် သွားလာရန်ခက် ခဲခြင်း	လမ်းမကောင်းခြင်း	သဲကျောက်များ ရရှိနိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ကွန်ကရစ်လမ်း ခင်းခြင်း
၂	ကား/ဆိုင်ကယ် သွားလာရန်ခက် ခဲခြင်း	သစ်သားတံတားဖြစ်၍ ခိုင်ခံ့မှု မရှိခြင်း	ကျေးရွာမှ လုပ်အား ပါဝင်နိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	သစ်သားတံတား ပြုပြင်ခြင်း
၃	ဆရာ/မ များ နေစရာမရှိခြင်း	နေအိမ်ငှားရမ်းနေထိုင်ရ ခြင်း	သစ်ပေါင်းများ အလွယ်တကူ ရရှိနိုင်ခြင်း	ငွေကြေးမတတ် နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ဆရာ/မ နေအိမ် တည်ဆောက်ခြင်း
၄	သာရေး/နာရေး ကိစ္စများ ပြုလုပ် ရန် နေရာ မရှိ ခြင်း	ကျေးရွာတွင် အများသုံး အဆောက်အဦ မရှိခြင်း	ကျေးရွာမှ လုပ်အား ပါဝင်နိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ခန်းမဆောင် ဆောက်လုပ်ခြင်း
၅	သဘာဝဘေး အန္တရာယ် ကျရောက်လာပါ က ပြောင်းရွှေ့ ရန်နေရာမရှိခြင်း	ကျေးရွာတွင် လူဦးရေ များခြင်း	မြေနေရာနှင့် သစ်များရရှိနိုင်ခြင်း	ငွေကြေးမတတ် နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ရေဘေးရှောင် နေထိုင်ရန် အဆောက်အဦ တည်ဆောက်ခြင်း

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာလုပ်ငန်းစဉ်များ	မှတ်ချက်
အခြေခံအဆောက်အဦး	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၇၅	၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	ကျေးလက်ဦးစီး
အခြေခံအဆောက်အဦး	သစ်သားတံတား တည်ဆောက်ခြင်း	၆၇	၂	သစ်သားတံတား တည်ဆောက်ခြင်း	။
ပညာရေး	ဆရာ/ဆရာမ နေအိမ် တည်ဆောက်ခြင်း	၆၀	၃	ဆရာ/ဆရာမ နေအိမ် တည်ဆောက်ခြင်း	ပညာရေး
အခြေခံအဆောက်အဦး	ခန်းမဆောင် တည်ဆောက်ခြင်း	၅၄	၄	ခန်းမဆောင် တည်ဆောက်ခြင်း	ကျေးလက်ဦးစီး
အခြေခံအဆောက်အဦး	ရေဘေးရှောင် နေထိုင်ရန် အဆောက်အဦ တည်ဆောက်ခြင်း	၅၃	၅	ရေဘေးရှောင် အဆောက်အဦ တည်ဆောက်ခြင်း	ကျေးလက်ဦးစီး

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂	-	-
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၅	၁၈	၃၃	-	-
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၁	၂၃	၄၄	-	-
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၆	၂၉	၅၅	-	-
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၃	၂၃၉	၅၀၂	၃	-
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၇	၂၁	၃၈	-	-
စုစုပေါင်း		၃၄၃	၃၃၁	၆၇၄	၃	-
စုစုပေါင်း အိမ်ထောင်စု -၁၃၄		ပျမ်းမျှလူဦးရေ - ၅				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော လူဦးရေသည် အမျိုးသားဦးရေ ပိုများပြီး အလုပ်လုပ်နိုင်သည့်အရွယ် အများဆုံးရှိပါသည်။ ကျန်းမာရေးအခြေအနေအရ မသန်စွမ်းသူ ကျား(၃)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၆၂	၁၅၀	၁၂	၂၁	၃၆		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၂၀	၆၀	၇	၉	၁၆		မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	**တိရစ္ဆာန်မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂၅					မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုဇွန်စသောရေသတ္တဝါများဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂					မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့်ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ကာတစ်ခု ကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၈	**ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၄					မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၁၅	၁၅	၃	၄	၆		မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	၆	၆					မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ-လက်ကားရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၇	၇	၂	၂	၄		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၆					မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၄	၄					မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၁	၁	၁	၁	၂		မြင့် ☐ လတ် ☑ နိမ့် ☐
၁၉	လူမှုရေးလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							
	အလုပ်သမား/ကျပန်း/ ရာသီအလိုက် အလုပ်သမား	၂၀	၂၀	၁၀	၁၃	၂၂		☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၃၀	၃၀					မြင့် ☐ လတ် ☑ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အခြား ဝင်ငွေရ လုပ်ငန်းများလည်း အသင့်အတင့်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၇၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	၁၂၀၀၀	၁၀၀၀၀	၈၀၀၀	၇၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အမျိုးသားများသည် ပျိုးနှုတ်ချိန်၊ စပါးရိတ်သိမ်းချိန်များတွင် နေ့စားခအများဆုံးနှုန်းထား (၁၀၀၀၀)ကျပ်ထိ ရရှိနိုင်ကြပါသည်။ အမျိုးသမီး များသည် ကောက်စိုက်ချိန်တွင် နေ့စား (၈၀၀၀)ကျပ်ထိ ရရှိကြပြီး နေကြာခုတ်၊ ပဲနှုတ်ချိန်တွင် နံနက်ခင်းတပိုင်းထဲ၌ (၅၀၀၀) ကျပ်ထိ ရရှိနိုင်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ	၂၇၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၇၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	**၃၄၉**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေ(၃၄၉)ဧက ပိုင်ဆိုင်မှုရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးအပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးအပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးအပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ-မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးအပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးအပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော-ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ မြောက်ဘက်ရှိ နန်းတဟင်ချောင်းထဲတွင် သဲကျောက်စရစ်များ လွယ်ကူစွာရနိုင်ပြီး၊ အနောက်ဘက်ရှိ တောထဲတွင် သဘာဝဆေးဘက်ဝင်အပင်များသာ အသင့်အတင့်ရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု (၁၃၄)စု	၄	၃၀	၈၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုများရှိကြပြီး ဥစ္စာဓနအဆင့် အခြေအနေ အသင့်အတင့်ရှိကြပါသည်။

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃ လ အောက် ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃ လနှင့် ဖိလကြား ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖိလမှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ _____

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုရှိကြပါသည်။

(ဃ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖိုင်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော ထိခိုက်လွယ်သောအိမ်ထောင်စုများ မရှိပါ။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု		✔			✔	
၂	လျှပ်တပြက်ရေကြီးခြင်း	✔				✔	
၃	မုန်တိုင်းဒီရေ	✔			✔		
၄	ဆူနာမီ	✔			✔		
၅	တိုင်ဖုန်းမုန်တိုင်း	✔			✔		
၆	လေဆင်နှာမောင်း	✔			✔		
၇	ငလျင်	✔			✔		
၈	အပူလှိုင်း	✔			✔		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✔			✔		
၁၀	အအေးလှိုင်း	✔			✔		
၁၁	မိုးသီးကြွေကျမှု	✔			✔		
၁၂	မိုးခေါင်ခြင်း	✔			✔		
၁၃	တောမီးလောင်ခြင်း	✔			✔		
၁၄	မြစ်ကမ်းပါးပြိုခြင်း		✔			✔	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔		
၁၆	မြေပြိုခြင်း	✔			✔		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✔				✔	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ)	✔				✔	
၁၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း	✔				✔	
၂၀	သစ်တောပြုန်းတီးခြင်း	✔				✔	
၂၁	ငှက်ဖျားရောဂါ		✔			✔	
၂၂	တီဘီရောဂါ		✔			✔	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔				✔	
၂၄	ကပ်ရောဂါ	✔				✔	
၂၅	ပြည်တွင်းပဋိပက္ခ	✔			✔		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✔				✔	
၂၇	လူကုန်ကူးခြင်း	✔			✔		

၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်လွယ်မှုအခြေအနေများနည်းပါးပြီး မိုးတွင်း၌ တစ်ခါတစ်ရံ ချောင်းရေနှင့် မြစ်ရေကြီးမှုကြောင့် ရွာတွင်းသို့ ဝင်ရောက်နိုင်ပြီး ကမ်းပါးပြုခြင်းများဖြစ်လေ့ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔				✔	
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✔				✔	
၃	ဆင်းရဲသားတောင်သူ	✔				✔	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	✔			✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔			✔		
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင် နေထိုင်သူများ	✔			✔		
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	✔			✔		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔			✔		
၉	ငါးကန်ပိုင်ရှင်များ	✔			✔		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	✔			✔		
၁၁	လူနည်းစုလူမျိုးများ	✔			✔		
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ	✔			✔		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✔			✔		
၁၄	ရွှေတွင်းလုပ်သားများ	✔			✔		
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✔			✔		
၁၆	နေရပ်ပြန် အခြေချသူများ	✔			✔		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔			✔		

၁၈	ကားမောင်းပြီး အသက်မွေးသူများ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ နိမ့်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က–၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်း ကော်မတီ	၁ ☐ ၂ ☐ ၂ ☑	၅	၂	၇	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ရေပေးဝေရေး ကော်မတီ	၁ ☐ ၂ ☑ ၂ ☐	၄	၃	၇	ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁ ☐ ၂ ☐ ၂ ☑	၇	–	၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	အမျိုးသား အဖွဲ့	၁ ☐ ၂ ☑ ၂ ☐	၇	–	၇	ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	အမျိုးသမီး အဖွဲ့	၁ ☐ ၂ ☑ ၂ ☐	–	၇	၇	ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၆	မီးသတ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၇	-	၇	ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	မာဃလုလင်ပရဟိတအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၇	-	၇	ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေး၊ ဖွံ့ဖြိုးရေးနှင့် သာရေးနာရေး လုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့(၇)ဖွဲ့ ရှိပြီး အဖွဲ့အစည်းအလိုက် ဆောင်ရွက်မှုများ အသင့်အတင့် ကောင်းမွန်ကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)
၁	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၅	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ-ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pace Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား(မြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ)

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၅		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆၅		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄		တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၃၄		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်)။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများ အသင့်အတင့် ပိုင်ဆိုင်ကြပြီး မြေယာမဲ့ အိမ်ထောင်စုများသည် အခြားဝင်ငွေရလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မှုရှိကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဧယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု(ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လျော့ ☐ တိုး ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	၁၈	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐	လျော့ ☑ တိုး ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

